# အမှာစာ

'ကင့်နူး'ဘောလုံးကွင်းကြီး၏ အရှေ့ဘက်တန်းစင်မြင့်တွင် အသက် ၄၇ နှစ် အရွယ် ဖခင်နှင့် အသက် ၂၀ အရွယ်သားတို့ ဘောလုံးပွဲကို စိတ်ဝင်တစား ကြည့်နေကြ၏။

ဂိုးရလဒ်ဘုတ်ပြားကြီးပေါ်တွင်ကား ''မန်ချက်စတာယူနိုက်တက်– သုည၊ ဘေယန်းမြူးနစ်–၁''ဟူ၍ဖော်ပြထား၏။ ပွဲကစားသည်မှာ မိနစ် ၉၀ ကြာသွားပြီဟု နာရီလက်တံက ပြနေသည်။ 'ဘာစီလိုနာ'၏လေထုတွင်တော့ ကြေကွဲဆိတ်ငြိမ်မှုက အကြီးအကျယ်လွှမ်းနေသည်။ ပွဲပြီးရန် စက္ကန့်ပိုင်းသာ လိုတော့၏။

ထိုစဉ် အနီရောင်တောက်တောက်အင်္ကျီဝတ်ထားသော ဆံပင် ရှည် ရှည်နှင့် အလယ်တန်းကစားသမားတစ်ယောက်က ကွင်းထောင့်ကန်ဘော ဧရိယာ အတွင်းသို့ ဘောလုံးကို ဆွဲပြေးလာ၏။ ထောင့်ကန်ဘော ကန်ရမည့်နေရာအထိ သူ ရောက်လာသည်။ ထိုနောက် ပြေးနေရာမှ အချိန်မဆိုင်းဘဲ ဂိုးတိုင်ဆီသို့ ချိန်ပြီး ဘောလုံးကို အရှိန်ဖြင့် တအားကျုံးကန်လိုက်သည်။

ငြိမ်ကျသွားသောအခြေအနေနှင့် အကျယ်လောင်ဆုံးသောအသံတို့ကို တစ်ပြိုင်တည်းကြားဖူးပါသလား။ ပရိသတ်တော်တော်များများက ဘာမှ မလှုပ်နိုင် ဘဲ ငြိမ်ကျသွားသကဲ့သို့ ကျန်ပရိသတ်တော်တော်များများကလည်း ဟစ်ကြွေး အားပေးကြသည်မှာ တစ်ကွင်းလုံးညံသွား၏။ အနီရောင်ဝတ်ထားသောပရိသတ် များ မတ်တတ်ရပ်ကုန်ကြ၏။ သူတို့ ပြန်မထိုင်ကြတော့။ အဖေက သူ့သားကို အားရပါးရပွေ့ဖက်လိုက်သည်။ သားက အဖေကို ပြန်ဖက်သည်။ တစ်ဦးနှင့် တစ်ဦး မသိကြသူ အချင်းချင်းလည်း အပြန်အလှန်ပွေ့ဖက်ကြ၏။

နေရာတကာမှာ လက်တွေ့ဆန့်တန်း။ နေရာတကာမှာ ခုန်ပေါက်နေ သူတွေ။ နေရာတကာက စီစီညံညံဟစ်ကြွေးသံတွေ။ အဖေက သားကိုကြည့်



လိုက်သည်။

''ပွဲသိမ်းပြီဆိုပြီး အဖေတို့ချက်ချင်းပြန်သွားကြရင် ဒါမျိုးကို မြင်ရတော့ မှာ မဟုတ်ဘူး''

၁

''ဒါမျိုးမှမကြည့်လိုက်ရလို့ကတော့သိပ်ကိုနစ်နာသွားမှာပေါ့ အဖေရယ်''

ဤပွဲအကြောင်း အနှစ်နှစ်အလလ ပြောလို့ မကုန်ကြ။ ပြောလို့မပြီးကြ။ ဘောလုံးပွဲအကြောင်းစကားစပ်မိသည်နှင့် ဒီအကြောင်းကိုပဲ ထပ်တလဲလဲ ပြောမိ ကြ၏။ ဒါက ဘောလုံးပွဲမည်ကာမတ္တမဟုတ်။ ဒါက ခံစားမှုအရသာ။ ဘောလုံးပွဲ ကြည့်ခြင်း၏ရင်ခုန်မှုဝေမှု။

ဤပွဲသည် 'မန်ယူ'ပွဲများစွာအနက် တစ်ပွဲမျှသာ။ 'မန်ယူ' ဆိုသည်နှင့် 'ဆာအဲလက်စ်ဖာဂူဆန်'ကိုပါ တွဲလျက်မြင်လာကြမည်။

၁၉၈၆ ခုနှစ် နိုဝင်ဘာလလောက်က 'အေဘာဒင်'အသင်းမှ ထွက်လာ သောသူတစ်ဦးသည် 'မန်ယူ'သို့ ရောက်လာကာ သူ့လက်ထက်တွင် ဥရောပ အကောင်းဆုံးအသင်းကြီးတစ်သင်း ဖြစ်အောင် ထုဆစ်ပေးခဲ့၏။ 'မန်ယူ'သည် ၂၅ နှစ်အတွင်း ပရီးမီးယားလိဂ်ဆုဒိုင်း ၁၂ ကြိမ်၊ အက်ဖ်အေဖလား ၅ ခု၊ လိဂ်ဖလား ၄ ခု၊ ဥရောပဖလား၂ ခု ဆွတ်ခူးနိုင်ခဲ့ပေပြီ။ အောင်မြင်မှုတွေက အစီအရီတစ်သီတစ်တန်းကြီး။ ထို့ကြောင့်ပင် လူတွေက 'မန်ယူ'ကို 'အောင်ပွဲမုဆိုး များ' ဟု ခေါ်လေကြသလားမသိ။

'ဖာဂူဆန်'၏စွမ်းဆောင်မှုကြောင့် ဘုရင်မကြီးက သူ့ကို 'ဆာ' ဘွဲ့ ချီးမြှင့်ကာ သူကောင်းပြုခဲ့သည်။

'မန်ယူ'တွင် ဘောလုံးသမားအကျော်အမော်တွေ အများကြီး ကစား ခဲ့ကြ၏။ ထွက်သူထွက်ကြ၊ ဝင်သူဝင်ကြ။ အမြဲတစေ တည်မြဲနေသူကမူ 'ဖာဂူဆန်'။

''ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝက ဖာဂူဆန်သည် ကျောင်းအုပ်ကြီး။ ကျွန်တော်တို့ တက္ကသိုလ်ရောက်တော့ သူက ပါမောက္ခ။ ယခုတော့ ကျွန်တော်တို့ရဲ့ဂုရုကြီး''ဟု အားကစားစာရေးဆရာ'ဝီလ်တီဒီ'က ရေးသားခဲ့ဖူး၏။ ဘောလုံးလောကတွင် သူသည် ဖခင်ကြီးတစ်ဦးပမာ ထီးထီးကြီး ရှိနေသည်။

ကျွန်တော်သည် 'မန်ယူ'ပရိသတ်သန်းပေါင်းများစွာထဲမှတစ်ဦး ဖြစ် သည်။ ဤစာအုပ်သည် အားကစားသမိုင်းတွင် အအောင်မြင်ဆုံး ဘောလုံး ကလပ်ကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သော 'မန်ယူ'အသင်းအကြောင်း မှတ် တမ်းဟု ဆိုနိုင်၏။ သို့သော် 'မန်ယူ'သမိုင်းကို အစမှအဆုံးအပြည့်အစုံဖော်ပြ

သော မော်ကွန်းကား မဟုတ်။ 'မန်ယူ'ကို အအောင်မြင်ဆုံးအဆင့်သို့ ပခုံးထမ်းတွန်းတင်ပေးသူ 'ဆာအဲလက်စ် ဖာဂူဆန်'၏၂၅ နှစ်တာ မန်နေဂျာဘဝကိုသာ တစ်စိတ်တစ်ပိုင်း မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။

'မန်ယူ'နှင့်'ဖာဂူဆန်'အကြောင်းပြောရင်းနှင့် 'ရော့ဘ်ဆန်'တို့၊ 'ဟျူး'တို့၊ 'ဘရုစ်'တို့၊ 'ကန်တိုနာ'တို့မှသည် 'ရှမေချယ်လ်'၊ 'ကီးန်'၊ 'ဂစ်'၊ 'ဘက်ခမ်း'၊ 'ရော်နယ်ဒို'၊ 'ရွန်းနီ'၊ 'စခိုးလ်'စသူတို့လည်း တွဲပါလာရော့မည်။ ထို့ပြင် 'မန်ယူ'၏ မန်နေဂျာအဆက်ဆက်တို့အကြောင်း။

ဤစာအုပ်ကို ရေးရန် 'ပါရမီ ဦးကျော်ဦး'က တိုက်တွန်းပြီး စာအုပ်တွေ တစ်ပုံကြီးချပေး၏။ 'ဝီလ်တီဒီး'၏'ဆာအဲလက်စ်ဘဝ' (Life With Sir Alex)၊ 'ပက်ထရစ်ဘာကလေ'၏'အဲလက်စ်ဖာဂူဆန် အတ္ထုပ္ပတ္တိ'(The Biography of Alex Ferguson)၊ 'ဖာဂူဆန်'ကိုယ်တိုင်ရေးသော 'အဲလက်စ်ဖာဂူဆန်–ကျွန်တော့်ဘဝ ကျွန်တော် စီမံအုပ်ချုပ်ခြင်း'(Alex Ferguson: Managing My Life)စသည့် စာအုပ်သုံးအုပ်ကို အခြေတည်ပြီး ရေးပါသည်။

စာအုပ်များစွာကိုချဖတ်ရင်း၊ အနှစ်ချုပ်ထုတ်၍ ရေးရင်းနှင့် 'တေလာ ဒယ်နီယယ်'၏ 'ဆာအဲလက်စ်ဖာဂူဆန်–ဘောလုံးပါရမီရှင် တစ်ဦး၏ မဖြတ်မတောက်ဇာတ်လမ်း'(Sir Alex Ferguson : The Uncut Story of a Football Genius)စာအုပ်ကို ထပ်ရ၍ အချက်အလက်သစ်တချို့ ထပ်မံ ဖြည့်စွက်ရပြန်သည်။

အဓိကကျောရိုးအားဖြင့် 'ဖာဂူဆန်'၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ အပေါ် အခြေတည်ပြီး ကျန်ရည်ညွှန်းစာအုပ်များကို ကိုးကားရေးသားပါသည်။

'မန်ချက်စတာယူနိုက်တက်ကလပ် စွယ်စုံကျမ်း'( Encyclopedia of Manchester United)စာအုပ်ကိုကား ဘေးမှာ လက်စွဲအဖြစ်ထားကာ ခုနှစ်များကို တိုက်ဆိုင်စစ်ဆေးရပါသည်။

တစ်ချိန်တည်းမှာပင် 'မန်ယူ'အသင်းကန်သော ဘောလုံးပွဲ အခွေများလည်း ကြည့်ကာ 'မန်ယူ'စိတ်ပိုသွင်းရသေးသည်။

၁

ကျွန်တော် အတ္ထုပ္ပတ္တိစာအုပ်ပေါင်း များစွာ ရေးခဲ့ပြီးပါပြီ။ အများအားဖြင့် နိုင်ငံရေးအတ္ထုပ္ပတ္တိများဖြစ်သည်။ စီးပွားရေးအောင်မြင်မှုရသူများအကြောင်းတွေလည်း ရေး၏။ စာရေးဆရာတွေ၊ အနုပညာရှင်တွေ၊ ဘာသာရေးနှင့်ဒသနိကပညာရှင်တွေအကြောင်းလည်း ရေးဖူးပါသည်။ ယခု 'ဖာဂူဆန်' အကြောင်းကား ကျွန်တော်ပထမဦးဆုံးရေးဖူးသော အားကစားလောက အတ္ထုပ္ပတ္တိ



စာအုပ်ဖြစ်ပါသည်။

ကျွန်တော် အားကစားနှင့်ပတ်သက်၍ မကျွမ်းပါ။ ယခု 'ဖာဂူဆန်' အကြောင်းသည်လည်း အားကစားအကြောင်းဆိုခြင်းထက် သူ့ဘဝ၊ သူ့စိတ်ဓာတ်၊ သူ၏စီမံအုပ်ချုပ်မှုတို့အကြောင်း ဖောင်းပေးရေးခြင်းသာ ဖြစ်ပါသည်။ ဇမ္ဗူတစ်လူပဟုခေါ်ဆိုနိုင်လောက်သူကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ဖတ်ရင်းမှ အားတက်စရာတွေ၊ နည်းယူစရာတွေ၊ သင်ခန်းစာယူစရာတွေ အများကြီးရမည်ဟု မျှော်မှန်းမိပါသည်။

ယခုစာအုပ်ရေးနေစဉ်မှာပင် 'မန်ယူ'တိုက်စစ်မှူး'ရွန်းနီ'သည် လွန်ခဲ့သော နှစ်နှစ်က 'မန်ယူ'မှထွက်မည်ဟု ပြောခဲ့၏။ ယခုမူ သူ၏ဘောလုံးသမားသက်တမ်းတစ်လျှောက်တွင် လက်ရှိ နည်းပြ မန်နေဂျာ'ဖာဂူဆန်' ကိုင်တွယ်လျက်ရှိသော 'မန်ယူ'တွင်သာ ကုန်ဆုံးချင်သည်ဟု ပြောလာ၏။

တိုက်စစ်မှူး'ရွန်းနီ'က သူ 'မန်ယူ'အသင်းမှ ထွက်မည်ဟု ပြောခဲ့ခြင်းမှာ သူ၏မဟာအမှားပင် ဖြစ်ကြောင်း၊ လက်ရှိအနေအထား၌ 'မန်ယူ'အသင်းတွင်သာ 'ဖာဂူဆန်'၏ကြီးကြပ်မှုအောက်တွင် နေရသည်မှာ သူပိုမိုပျော်ပိုက်ကြောင်း၊ 'မန်ယူ'မှလွဲ၍ အခြားမည်သည့်အသင်းတွင်မှ ကစားရန်ရည်ရွယ်ခြင်းမရှိကြောင်း အတိအလင်းပြောကြားခဲ့၏။

'ရွန်းနီ'သည် 'မန်ယူ'အသင်းသို့ ၂၀၀၄ ခုနှစ်မှစ၍ ရောက်ရှိလာရာ ယခုဆိုလျှင် ရှစ်နှစ်သက်တမ်းပင်ရှိနေသည်။

''ကျွန်တော်က ဆရာဖာဂူဆန်ရဲ့စေတနာနဲ့ပညာကို လေးစားပါတယ်။ ဖာဂူဆန်ရဲ့မန်ယူအသင်းနဲ့အတူ အောင်မြင်မှုရအောင် ဆက်ပြီးကစားဖို့ ဆုံးဖြတ်ထားပါတယ်''ဟု ၈–၉–၂၀၁၂ နေ့က 'မန်ချက်စတာ'မြို့တွင် 'ရွန်းနီ'က သတင်းစာဆရာများကို ပြောခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် အသက် ၇၁ နှစ် ရှိမည်ဖြစ်သော 'ဆာအဲလက်စ်ဖာဂူဆန်'သည် သက်တော်ရှည် ဘောလုံးနည်းပြဂုရုကြီး ဖြစ်သည်။ သူ့အကြောင်းဖတ်ရှုရင်းမှ စိတ်ဓာတ်တက်စရာ၊ စိတ်ဓာတ်ပျက်စရာ၊ လောကဓံလှိုင်းတံပိုးအတက်အကျများကို သိရှိခံစား သံဝေဂပွားစရာများကို စာဖတ်သူများအား မျှဝေပေးလိုက်ပါသည်။

**ဟိန်းလတ်**